Delete and use school letterhead

Delete and type date

Delete and type parent/carer name and address

**စာသင်နှစ် ၇ အတန်းတွင် ကျောင်းဝင်ခွင့်ကိစ္စ။**

**PLACEMENT IN YEAR 7 NEXT YEAR**

ကျောင်းသား / သူ အမည်။ Delete and type name of student

Year 7: အတန်းတွင် ကျောင်းတက်ခွင့်ရလိုသည့် ပြက္ခဒိန် နှစ်။ Delete and type calendar year for placement in Year 7

ကျောင်းတက်ခွင့်လျှောက်လွှာပြန်ပို့ရမည့်နေ့စွဲ။ Delete and type date for return of Application to enrol

အကူအညီလိုပါက ဆက်ရန်ဖုန်းနံပါတ်။ Delete and type school telephone number

မိဘ / အုပ်ထိမ်းသူ ခင်ဗျား / ရှင့်

အထက်တွင် အမည်ဖေါ်ပြထားသည့် သင်၏ သား / သမီး အတွက် ဤကျောင်း၏ Year 7 အတန်းတွင် တက်ရောက်လိုသည့် ဆန္ဒ ပြု ခြင်းအတွက် ကျေးဇူးတင်ပါသည်။

သင်၏ စိတ်ဝင်စားမှုဖေါ်ပြချက်နှင့်အညီ သင်၏ သား / သမီး ကို လာမည့်နှစ်အတွင်း ကျောင်းဝင်ခွင့် ပြု စာရင်းတွင် ထည့်သွင်းရန် ကျွန်ုပ် တို့ သတ်မှတ်ထားပြီး ဖြစ်သည်။ သင်သတိ ပြုရန်မှာ ပြည့်စုံသည့်ကျောင်းဝင်ခွင့်လျှောက်လွှာကို ကျောင်းမှ လက်မခံသ၍ သင့်သား / သမီး ၏ ကျောင်းဝင်ခွင့်ကို အတည်မပြုနိုင်ပါ။

ကျောင်းဝင်ခွင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို သင့်အနေနှင့် ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိပါက ပူးတွဲပါ နယူးဆောက်ဝေးလ် အစိုးရကျောင်းဝင်ခွင့်လျှောက်လွှာကို *(Application to enrol in a NSW government school)* အင်္ဂလိပ် ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက်၍ ကျွန်ုပ်ထံ သတ်မှတ်ထားသည့် နေ့ရက် အတွင်း တင်ပြရပါ မည်။

သတိပြု ရန် ။

- သင်၏ အလုပ်အကိုင်နှင့် ပညာအရည်အချင်း မှအပ လျှောက်လွှာပုံစံတွင်ပါရှိသည့်မေးခွန်းများအားလုံးကို မဖြေမနေရ ဖြေဆိုရမည် ဖြစ် သည်။
- အတက်တွင်ဖေါ်ပြ ထားသော နေ့ရက်အတွင်း အသင်၏ ကျောင်းဝင်ခွင့်လျှောက်လွှာကို မရရှိပါက အသင့်အနေနှင့် စိတ်ဝင်စားမှုမရှိတော့ဟု ယူဆပြီး အခြားကျောင်းသားများအား လျှောက်ထားရန် ဖိတ်ခေါ်မည် ဖြစ်သည်။
- ဤအသင့် လျှောက်လွှာကို တင်သွင်းပြီးမှ သင်၏စိတ် သို့မဟုတ် အခြေအနေ ပြောင်းလဲသွားသည့်အတွက် ကျောင်းဝင်ခွင့် ဆက်မလျှောက်လိုပါက ကျွန်ုပ်တို့၏ ကျောင်းဝင်ခွင့်လျှောက်ထားသူများစာရင်းတွင်ပါရှိသော အခြားကျောင်းသားများကို ဆက်သွယ်နိုင်ရန်အတွက် ကျေးဇူး ပြု၍ ဤကျောင်းကို အမြန်ဆုံးအကြောင်းကြားရမည်။

သင်၏လျှောက်လွှာကို ပြန်လည်စိစစ်၍ လုပ်ဆောင်သင့်သည်များကို ဦးစားပေးပြီး ဆက်လက်ဆောင်ရွက်ပါမည်။ လျှောက်လွှာကိုလက်ခံပါက၊ သင့်ထံ ကျောင်းဝင်ခွင့်ရကြောင်း တရားဝင် အတည်ပြုချက်ကို ပေးပို့ပါမည်။ အချို့သော အခြေအနေများတွင် သင်၏လျှောက်လွှာတွင် ပါရှိသော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ ဆက်လက်စုံစမ်းမေးမြန်းရန် လိုအပ်သည်များလည်းရှိနိုင်ပါသည်။ လိုအပ်ခဲ့ပါက သင့်အား ကျွန်ုပ်တို့ဆက်သွယ်ပါမည်။

သင်သည် နယူးဆောက်ဝေးလ် အစိုးရကျောင်း ဝင်ခွင့်လျှောက်လွှာ *Application to enrol in a NSW government school* ပုံစံ ကို ဖြည့်စွက်ရန်အတွက် အကူအညီ လိုအပ်ပါက သင်၏ ရပ်ကွက်ရှိ မူလတန်းကျောင်းကိုဆက်သွယ်ပါ။ သို့မဟုတ် ကျွန်ုပ်တို့အထက်တန်းကျောင်းမှ ဝန်ထမ်း တစ်ဦးဦး ထံ တယ်လီဖုန်းဆက်ပြီး ရက်ချိန်းတောင်းပါ။ စကားပြန်လိုပါက တယ်လီဖုန်းစကားပြန်ဌာန 131 450 သို့ဖုန်းဆက်၍ သင်ပြောသည့်ဘာသာစကားကိုပြောပြပါ။ စကားပြန်က ကျောင်းသို့ဖုန်းဆက်ပြီး သင်ပြောလိုသည်များကို ဘာသာပြန်ပေးပါလိမ့်မည်။ ဤဆောင်ရွက်မှုအတွက် သင့်အနေနှင့် အခကြေးငွေပေးရန် မလိုပါ။

သင်၏ကူညီမှု အတွက် ကျေးဇူးတင်ပါသည်။

လေးစားစွာ ဖြင့်

<u>ကျောင်းအုပ်ဆရာ / ဆရာမကြီး</u>
Principal